# ကျောင်းသားများအတွက် အထောက်အကူပြုနည်းပညာ

အထောက်အကူပြု နည်းပညာ(AT)သုံး **စက်ကိရိယာ** ဆိုသည်မှာ အသင့်သုံးရန်ဖြစ်စေ၊ ပြုပြင်မွမ်းမံထားသည်ဖြစ်စေ၊ ဝယ်သူစိတ်ကြိုက် အထူးပြုလုပ်ထားသည်ဖြစ်စေ စီးပွားဖြစ် ရယူထားသော မည့်သည့် အရာ၊ ပစ္စည်းကိရိယာ သို့မဟုတ် ဆော့ဖ်ဝဲလ် ၏ အစိတ်အပိုင်းဖြစ်ပြီး ၎င်းတို့ကို မသန်စွမ်းကျောင်းသား တစ်ဦး၏ လက်တွေ့ လုပ်နိုင်စွမ်းများ တိုးမြှင့်ရန်၊ ထိန်းသိမ်းရန် သို့မဟုတ် မြှင့်တင်ရန် အသုံးပြုသည်။

အထောက်အကူပြု နည်းပညာ(AT)သုံး အသင့်သုံးပစ္စည်း(off-the-shelf)သည် ရွေးချယ်ခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် အထောက်အကူပြု နည်းပညာ(AT)သုံး စက်ကိရိယာ အသုံးပြုရာတွင် မသန်စွမ်းကျောင်းသား တစ်ဦးကို တိုက်ရိုက် ကူညီသည့် မည့်သည့် ဝန်ဆောင်မှုမျိုးကိုမဆို ရည်ညွှန်းသည်။ အထောက်အကူပြု နည်းပညာ(AT)သုံး ဝန်ဆောင်မှုများသည် လိုအပ်ချက်များကို အကဲဖြတ်ခြင်း၊ အခြားကုထုံးများနှင့် ဝန်ဆောင်မှုများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အထောက်အကူပြု နည်းပညာ (AT)သုံး စက်ကိရိယာများ ရွေးချယ်ခြင်း နှင့် ဝယ်ယူခြင်းနှင့် ကျောင်းသားများ နှင့်/သို့မဟုတ် သင့်လျော်လျှင် အဆိုပါကျောင်းသားများ၏ မိသားစုအတွက် သင်တန်းပို့ချခြင်းတို့ ပါဝင်သည်။

**သင်သိခဲ့ပါသလား။**

- မသန်စွမ်း အမေရိကန်လူမျိုး သန်းပေါင်းများစွာသည် အထူးပစ္စည်းကိရိယာ၊ အထောက်အကူများ သို့မဟုတ် အထောက်အကူ ပြုနည်းပညာကို အသုံးပြုကြသည်။
- မသန်စွမ်း အမေရိကန်လူမျိုး သန်းပေါင်းများစွာသည် အထူးပစ္စည်းကိရိယာ သို့မဟုတ် အထောက်အကူများ (အထောက်အကူ ပြုနည်းပညာ) ကို ရေချိုးခြင်း၊ အဝတ်အစားဝတ်ဆင်ခြင်း၊ စားခြင်း၊ အိပ်ရာ သို့မဟုတ် ကုလားထိုင် သို့ သွားလာဝင်ထွက်ခြင်း၊ လမ်းလျှောက်ခြင်း၊ အပြင်ထွက်ခြင်း၊ အိမ်သာတက်ခြင်း (အိမ်သာသို့သွားခြင်းအပါအဝင်)နေ့စဉ်နေထိုင်လှုပ်ရှားမှု၏ အခြေခံ လုပ်ဆောင်မှုများကို လုပ်ဆောင်ရန် လိုအပ်ပါသည်။
- အထောက်အကူပြု နည်းပညာ(AT)သည် နိမ့်သည့်နည်းပညာ (ခဲတံအကိုင်သင် အစွပ်) နှင့် မြင့်မားသည့် နည်းပညာ (iPad သို့မဟုတ် ကွန်ပြူတာတစ်ခုပေါ် ရှိ အသုံးချ ဆော့ဖ်ဝဲလ်များ (apps)) ဖြစ်နိုင်ပါသည်။
- နည်းပညာ၏ တာဝန်သည် အဖွဲ့လိုက် ကြိုးစားအားထုတ်မှုဖြစ်သည်။ အနာဂတ်ကိုစဉ်းစားပြီး ပန်းတိုင်များကို လက်တွေ့ကျအောင် ဆောင်ရွက်ပါ။

**အထောက်အကူပြု နည်းပညာ(AT)ကို အသုံးပြုရန် စဉ်းစားသည့်အခါ အသေးစိတ်ကြည့်ပါ–**

- **ကျောင်းသား–** အားသာချက်များ၊ လုပ်နိုင်စွမ်းများ၊ နှစ်သက်မှုများ၊ သင်ယူမှုပုံစံ၊ စိတ်ပါဝင်စားမှု နှင့် စိန်ခေါ်မှုများကို ကြည့်ပါ။ သင်ရိုးညွှန်းတန်းတွင် လွတ်လပ်သောပူးပေါင်းပါဝင်မှုမှ သူ သို့မဟုတ် သူမကို ဘာက တားဆီးပိတ်ပင်နေပါသနည်း။ ဤကျောင်းသားအတွက် “အလုပ်များ” ဟာ ဘာလည်း။
- **ပတ်ဝန်းကျင်–** လိုအပ်ချက်သည် ဘယ်နားမှာ ရှိသနည်း။ စာသင်ခန်း၊ စားသောက်ဆိုင်၊ နေအိမ်၊ အပန်းဖြေမှုနှင့် အလုပ်အကိုင် ကို ထည့်သွင်းစဉ်းစားပါ။
- **လုပ်ငန်းတာဝန်–** ဤကလေးအတွက် ပန်းတိုင်တွေဟာ ဘာတွေလည်း။ လုပ်ငန်းတာဝန်ကို သူ/သူမ၏ သက်တူရွယ်တူများကဲ့သို့ တူညီသောပုံစံတွင် အချိန်တိုထိရောက်စွာ ပြီးမြောက်နိုင်မလား။

# ကျောင်းသားများအတွက် အထောက်အကူပြုနည်းပညာ

- **နည်းပညာ–** ဘယ်အရာသည် လုပ်ငန်းတာဝန်ကို အောင်မြင်လိမ့်မည်နည်း။ နည်းပညာသည် ရေးသားခြင်း၊ ဆက်သွယ်ခြင်း၊ ဖတ်ရှုခြင်း၊ လေ့လာခြင်း၊ တွက်ချက်ခြင်း၊ အပန်းဖြေခြင်းနှင့် အနားယူခြင်း၊ နေ့စဉ်နေထိုင်လှုပ်ရှားမှုများ၊ ရှုမြင်ခြင်း၊ ကြားနာခြင်း၊ လုပ်ဆောင်ခြင်း၊ နေရာယူခြင်းနှင့် ထိုင်ခြင်း စသည့် နယ်ပယ်များတွင် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်နိုင်သည်။
- **မဟာဗျူဟာများ–** ဘယ်နေရာ နှင့် ဘယ်လိုနည်းပညာသည် ကျောင်းသားများ၏ နေ့စဉ်ဘဝတွင် ပါဝင်လိမ့်မည်ကို သတ်မှတ်ပါ။ ကလေးငယ် အောင်မြင်ရန် အတွက် ဘယ်လို လေ့ကျင့်သင်ကြားမှု လိုအပ်သလည်းဆိုတာ ဆုံးဖြတ်ပါ။ အဲ့ဒီအထဲမှာ မိဘတွေ၊ ဆရာတွေ၊ စာသင်ခန်း သင်ထောက်ကူများ သို့မဟုတ် အခြားကျွမ်းကျင်ပညာရှင်များ ပါဝင်ပါသလား။

**လုပ်ငန်းတာဝန်များကို ဘယ်လိုဖော်ထုတ်မည်နည်း။**

- ကလေးငယ်များ၏ မသန်စွမ်းမှုအကြောင်း သတင်းအချက်အလက်များကို ရယူပါ။
- မသန်စွမ်းမဟုတ်သည့် သက်တူရွယ်တူများနှင့် ဆက်ဆံရေးတွင် ကလေးငယ် ဘာတွေကို ဆောင်ရွက်နိုင်လည်း သို့မဟုတ် ဘာတွေကို မဆောင်ရွက်နိုင်ဘူးလည်း ဆိုတာတွေကို ဖော်ထုတ်ပါ။
- ကလေးငယ် လုပ်ဆောင်နေသည့်အပေါ် သင်ယူမှု စံနှုန်းများနှင့် ပန်းတိုင်များကို ထည့်သွင်းစဉ်းစားပါ။
- လက်တွေ့ကျသည့် မျှော်လင့်ချက်များ ဖော်ဆောင်ပါ။

**အထောက်အကူပြု နည်းပညာ(AT)ကို သီးသန့်ဖော်ဆောင်ထားသည့် ပညာရေးတစ်လျှောက်လုံးတွင် တွေ့ရှိရသည်။**

- စွမ်းဆောင်မှု လက်ရှိ အဆင့်အတန်း
- ပန်းတိုင်များနှင့် ရည်ရွယ်ချက်များ
- အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ
- ဖြည့်စွက်အကူအညီများနှင့် ဝန်ဆောင်မှုများ

*အကိုးအကားများနှင့် အချက်အလက်အား ထောက်ပံ့ပေးခဲ့သည်–*

*-www.p12.nysed.gov*
*-www.ncddr.org*
*ပိုမိုသော အချက်အလက်အတွက် parentnetworkwny.org တွင်ကြည့်ရှုပါ။*

PARENT NETWORK OF WESTERN NEW YORK
www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။ စီမံကိန်းအရာရှိ Carmen Sanchez။